## (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းနှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြချက်

(၁) အတိတ်သမိုင်းနှင့်စပ်လျဉ်း၍ ၎င်း၏မိန့်ခွန်းမှာ အတွေးအခေါ်အရလွဲနေသည်။ ကိုးကားမှုမှာလည်း မပြည့်စုံပါ။ **" အတိတ်သမိုင်းရဲ့ အကျဉ်းသားမဖြစ်စေနဲ့"** ဟူ၍ ပြောကြားခြင်းမှာ သမိုင်းကို ဥပက္ခာပြုရာရောက်သည်။ သမိုင်း၏ ချည်နှောင်မှုကိုမခံနှင့် ဟူ၍လည်း ဆိုလိုရာရောက်သည်။ ယင်းမှာ မှားယွင်းပါသည်။ ကိုင်စွဲသင့်သော အတွေးအခေါ်မှာ သမိုင်းဖြစ်ရပ်များအနက် အမှန်များကို သိအောင်လေ့လာ၊ တန်းဖိုးထားအသိအမှတ်ပြု၊ ဆက်လက်ကျင့်သုံးနိုင်ရန် ကြိုးပမ်း၊ အမှားများကို သင်ခန်းစာယူပြီး နောင်မမှားအောင် ရှောင်ကြဉ်ရမည်ဖြစ်သည်။

၎င်းက ကိုးကားပြောဆိုရာတွင်လည်း မြန်မာနိုင်ငံအား ဗြိတိသျှတို့က ကိုလိုနီပြုခဲ့စဉ်က ဖြစ်ရပ်များကိုသာ အဓိကထောက်ပြသွားခဲ့သည်။ ယင်းမတိုင်မီက မြန်မာမဟုတ်သော တိုင်းရင်းသားလူမျိုးအသီး သီးသည် သမိုင်းတွင်လွတ်လပ်စွာနေခဲ့ကြကြောင်း ရှမ်း၊ မွန်၊ ရခိုင် စသည့် တိုင်းရင်းသားများမှာ သူ့ထီး၊ သူ့နန်း၊ သူ့ဘုရင်များနှင့်ပင် တိုင်းနိုင်ငံတည်ထောင်ခဲ့ကြကြောင်း၊ ရှမ်းမင်းများက မြန်မာဘုရင်ထီးနန်းကိုပင် သိမ်းပိုက်အုပ်ချုပ်သည့် ကာလများရှိခဲ့ကြောင်း၊[1] မွန်ပဒေသရာဇ်များအုပ်ချုပ်ခဲ့သည့် နိုင်ငံနှင့် မြန်မာပဒေသရာဇ်များ အုပ်ချုပ်ခဲ့သည့် နိုင်ငံတို့ နှစ်ပေါင်းရှည်ကြာစွာ စစ်မက်ဆင်နွှဲခဲ့ကြကြောင်း၊ အေဒီ ၁၇၅၂ မတ်လ ၉ ရက်နေ့တွင် မွန်ဘုရင်၏ ဟံသာဝတီတပ်များက မြန်မာဘုရင်၏ အဝမြို့ကိုတက်၍ သိမ်းပိုက်ခဲ့ကြကြောင်း[2] အစရှိသော လွန်စွာထင်ရှားသည့် ပဒေသရာဇ်ခေတ်သမိုင်းနောက်ခံများကို ကာချုပ်မင်းအောင်လှိုင်က စိုးစဉ်းမျှ ပြောကြားသွားခဲ့ခြင်းမရှိပါ။

ကရင်၊ ကချင် နှင့် ချင်း စသော တိုင်းရင်းသားများအနေဖြင့်လည်း ၎င်းတို့၏ ဒေသ၊ နယ်မြေများအား သက်ဆိုင်ရာ လူမျိုးစုများ၏ အကြီးအကဲများက လွတ်လပ်စွာ အုပ်ချုပ်ခဲ့သည် ဟူသောအချက်မှာ အငြင်းမပွားပါ။

---

[1] (အထက်တွင်ဖော်ပြခဲ့သည့် သမိုင်းဖြစ်ရပ်နှင့်ဆက်စပ်လျှက်) ဗြိတိသျှသည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးစချိန်ကပင် ရှမ်းပြည်နယ်ကို တသီးတခြားခွဲ၍ အုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးများအရေး နှင့် ၁၉၄၇ အခြေခံဥပဒေ ပထမတွဲ၊ မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့က စိစစ်၍ ဦးကျော်ဝင်း၊ ဦးမြဟန်၊ ဦးသိန်းလှိုင်တို့က ပြုစုသည်။ ၁၉၉၀ ပြည့်နှစ် ဧပြီလတွင် တက္ကသိုလ်များ ပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေ ဖြန့်ချီခဲ့သည်။

[2] မှန်နန်းရာဇဝင် ၃။ ကုန်းဘောင်ခေတ်မြန်မာနိုင်ငံအခြေအနေ ( ၁၇၁၄ - ၅၂ ) ရေးသူ- ဒေါက်တာရီရီ၊ အကြီးတန်းသုတေသနမှူး၊ နိုင်ငံသမိုင်း သုတေသနဦးစီဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန ( ၁၉၇၃ )

ကချင် နှင့် ချင်းတိုင်းရင်းသားတို့သည် မိမိတို့နယ်မြေများအား ဗြိတိသျှတို့ဝင်ရောက်သိမ်းပိုက်ခြင်းကို အပြင်းအထန်ဆန့်ကျင်ခုခံတိုက်ခိုက်ခဲ့ကြကြောင်းသမိုင်းစာအုပ်များတွင် အထင်အရှားပါရှိသည်။[3]

ဘီစီ (၂၀၀၀) အစောပိုင်းကာလတွင် ဗဟိုယူနန်ဒေသ နေထိုင်စဉ်ဌလည်း တန်ခိုးကြီးထွားနေသော မွန်ဂိုတာတာတရုတ်တပ်များက မကြာခဏ လာရောက်နှောက်ယှက် တိုက်ခိုက်ခံနေရသဖြင့် မွန်၊ တအန်းနှင့် ဝ တို့သည် မဲခေါင်မြစ် အထက်ပိုင်း၏ အရှေ့ဘက်ခြမ်း ယောနကတိုင်း(ခ)တာလီဖုအိုင်( Dali-Fu) အရပ်ဒေသကို ဘီစီ(၂၀၀၀) ခန့်က ဝင်ရောက်အခြေချပြီး ကျေး(ခ) ကောသမ္ဗီပြည်ကို ထူထောင်၍ မင်း(ဘုရင်)ကဲ့သို့ အကြီးအကဲကို တင်ကာ စစည်းစွာနေထိုင်တတ်စပြုလာ၏။[4]

ကာချုပ်မင်းအောင်လှိုင်သည် သမိုင်းတလျှောက်လုံးသီးခြားလွတ်လပ်စွာ တည်ရှိခဲ့ရုံသာမက မြန်မာဘုရင်၏ အုပ်ချုပ်မှုအောက်တွင်ရော ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်တွင်ပါ မရှိခဲ့သည့် ကရင်နီပြည်၏ သီးခြားလွတ်လပ်မှုကိုလည်း မည်သို့မျှ ထည့်သွင်း၊ ပြောဆိုသွားခဲ့ခြင်းမရှိချေ။

၁၈၈၆ ခုနှစ်တွင် ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်စဉ်အခါက ၁၈၇၅ ခုနှစ် ဇွန်လ ၂၁ရက် တနင်္လာနေ့က မြန်မာဘုရင်ကိုယ်စားကင်းဝန်မင်းကြီး နှင့် အိန္ဒိယမှ ဗြိတိသျှအစိုးရကိုယ်စားလှယ် ဆာဒေါက်ဂလပ်(စ်) ဖော်ဆက်[5] တို့ ချုပ်ဆိုခဲ့သော သဘောတူစာချုပ်သည် အတည်ဖြစ်နေပြီဖြစ်သည်။ ယင်းသဘောတူစာချုပ်တွင် -

> အနောက် ကရင်နီနယ်သည် သီးခြားဖြစ်၍ လွတ်လပ်သောဒေသအဖြစ် ဆက်လက်တည်ရှိကြောင်းနှင့် အဆိုပါပြည်နယ်အပေါ်မည်သည့်အချုပ်အခြာ အာဏာ သို့မဟုတ် အုပ်ချုပ်ရန် အခွင့်အာဏာကို မဆို တောင်းဆိုခြင်းမပြုရန် သို့တည်းမဟုတ် ကျင့်သုံးခြင်းမပြုရန် ဗြိတိသျှအစိုးရ နှင့် မြန်မာဘုရင်အစိုးရတို့ သဘောတူကြသည်။[6]------ ဟူ၍ပါရှိသည်။

ကရင်နီနယ်များသည် ရှမ်းနယ်များကဲ့သို့မဟုတ်ဘဲ မည်သည့်အခါတွင်မှ ဗြိတိသျှပိုင် အိန္ဒိယ၏အစိတ်အပိုင်းတခုအဖြစ်မတည်ရှိခဲ့ပေ။ သို့ရာတွင် အိန္ဒိယရှိမဟာရာဇာစော်ဘွားများ အုပ်ချုပ်သည့်နယ်များ[7] နှင့်တူညီသည့် အဆင့်အတန်းကိုမူ ရရှိခဲ့သည်။[8] ဗြိတိသျှတို့သည် ကရင်နီနယ်များကိုသိမ်းပိုက်ခြင်းမပြုဘဲ လွတ်လပ်သောသီးခြားဒေသအဖြစ် ထားရှိခဲ့ သည်။[9]

(၂) " အကြောင်းကြောင့် အကျိုးဖြစ်ရတယ်ဆိုတဲ့ နိယာမတရားအရ ဖြစ်ပေါ်ခဲ့တဲ့ အကြောင်းတရားများ ကို မှန်မှန်ကန်ကန် ဝေဖန်ရမှာဖြစ်ပါတယ်။" ဟုဆိုသွားသော်လည်း ၎င်း၏ ဝေဖန်ချက်များသည် လွဲချော်လျှက်ရှိ

---

[3] (အထက်ရည်ညွှန်းပါ တိုင်းရင်းသားလူမျိုးများအရေး နှင့် ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမတွဲ စာမျက်နှာ ၁၃။)

[4] တအန်း(ပလောင်) လူမျိုး သမိုင်း၊ စာမျက်နှာ ၂၈ - မိုင်းအိုက်ကော် ရေးသားပြုစုသည်။

[5] Sir Douglas Forsyth ( အထက်ရည်ညွှန်းပါ တိုင်းရင်းသားလူမျိုးများအရေး နှင့် ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမတွဲ စာမျက်နှာ ၂၃။)

[6] Shan States Manual, p.343

[7] Indian Princely States

[8] ( အထက်ရည်ညွှန်းပါ တိုင်းရင်းသားလူမျိုးများအရေး နှင့် ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမတွဲ စာမျက်နှာ ၂၄။)

[9] ( အထက်ရည်ညွှန်းပါ တိုင်းရင်းသားလူမျိုးများအရေး နှင့် ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမတွဲ စာမျက်နှာ ၂၅။)

သည်။ "အကြောင်း" သည်ဘာလဲ။ တိတိကျကျ ထောက်ပြသွားခဲ့ခြင်းမရှိပါ။ **ပြည်တွင်းစစ်ဖြစ်ရသည့် နောက်ခံအကြောင်းရင်းများစွာရှိသည့်အနက် အဓိက ကျသည့် အကြောင်းများ မှာ အောက်ပါအတိုင်းဖြစ်သည်။**

၁။ တိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့၏ နယ်မြေများသည် သမိုင်းတွင်လွတ်လပ်စွာ တည်ရှိခဲ့ကြသည်ဟူသည်ကို မဟာလူမျိုးကြီးဝါဒ ကျင့်သုံးသော မြန်မာစစ်ခေါင်းဆောင်များ နှင့် နိုင်ငံရေးသမားများက အသိအမှတ်မပြုခဲ့ခြင်း။ ၎င်းတို့၏ ရပိုင်ခွင့်ကို ဥပဒေနှင့်အညီဖော်ဆောင်မပေးခဲ့ခြင်း။

၂။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟုဆိုသော်လည်း ဗမာပြည်ကွန်မြူနစ်ပါတီအနေဖြင့် နိုင်ငံရေးပါတီတရပ်အဖြစ် ရပ်တည်မှုကို အတင်းအဓမ္မဖိနှိပ်ဖျက်သိမ်းခံခဲ့ရခြင်း။

၃။ ပြည်တွင်းဥပဒေအရ သာမက နိုင်ငံတကာဥပဒေအရပါတရားဝင်သော ပင်လုံစာချုပ်၏ခိုင်မာမှုကို မြန်မာစစ်ခေါင်းဆောင်များနှင့် မြန်မာနိုင်ငံရေးသမားအများစုက ငြင်းပယ်ခြင်း။ ယနေ့အချိန်ထိ တိုင်းရင်းသားပြည်နယ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရာခိုင်နှုန်းအပြည့် အပ်နှင်းမှုမပြုခြင်း။

၄။ တိုင်းရင်းသားပြည်နယ်များပိုင်သည့် မြေယာ၊ သဘာဝသယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်များအား လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာအစိုးရ (အထူးသဖြင့် မြန်မာစစ်ခေါင်းဆောင် ဟောင်းသစ်များကသာ ယနေ့အချိန်ထိ) ထင်သလို ချယ်လှယ်အမြတ်ထုတ်ခဲ့ခြင်း။

၅။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှစ၍ ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်ပြီး မြန်မာစစ်တပ်က အာဏာသိမ်း၊ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုများအပေါ် ဖိနှိပ်အုပ်ချုပ်၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့ခြင်း။ ဆက်လက်၍လည်း ကျူးလွန်လျှက်ရှိသဖြင့် နိုင်ငံတကာ၏ အရေးယူဆောင်ရွက်မှုကို စတင်ရင်နေရပြီ ဖြစ်ခြင်း။

(၃) **" လက်နက်ကိုင်အဖွဲ့အစည်းများနဲ့တပ်မတော်ရဲ့အကြားမှာ ပြဿနာကြီးငယ်တစုံတရာမရှိဘဲ သက်ဆိုင်ရာအစိုးရများနဲ့ လက်နက်ကိုင်အဖွဲ့အစည်းများအကြားမှာသာ မကျေနပ်ချက်တွေ၊ တောင်းဆိုချက်တွေရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။"** ဟူ၍ ကာချုပ်မင်းအောင်လှိုင်က ပြောကြားသွားခဲ့သည်။ ယင်းမှာ တက်တက်စင်လွဲမှားသော ပြောဆိုချက်ဖြစ်သည်။ ပြည်တွင်းစစ်သမိုင်းတွင် မြန်မာစစ်တပ်၏ တာဝန်ရှိမှုကို ရှောင်လွှဲလိုက်ခြင်းလည်းဖြစ်သည်။ လက်ရှိအချိန်မှာတွင်လည်း NLD အစိုးရတွင်သာ တာဝန်ရှိနေပြီး ၎င်း၏ မြန်မာစစ်တပ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အဆင်ပြေနေကြောင်းဖြင့် NLD အစိုးရကို ကန့်ထုတ်လိုက်ခြင်းဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် ဗြိတိသျှက မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသည့်အချိန် ဂျပန်တပ်များ ဝင်ရောက်ခဲ့စဉ်ကာလက ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ဂျပန်စစ်တပ်မှ ဗိုလ်မိုးကြိုး၏ အမိန့်ဖြင့် ဘီအိုင်အေ (Burma Independence Army ) တပ်များသည် ဗြိတိသျှထံမှ လက်နက်များရယူ၍

ဂျပန်ကိုခုခံတိုက်ပွဲဝင်ကြသော ကရင်အမျိုးသား ရွှေထွန်းကြာခေါင်းဆောင်သည့် ကရင်လူမျိုးအတော်များများကို သတ်ဖြတ်ခဲ့ ကြသည်။[10] ယင်းမှာ အစိုးရ၏တာဝန်ရှိမှုနှင့်မဆိုင်ဘဲ ကျူးလွန်ခဲ့ သည့် ရာဇဝတ်မှုဖြစ်သည်။

မြန်မာစစ်တပ်သည် တရုတ်ဖြူ ကျူးကျော်မှုကို ဆန့်ကျင် တိုက်ထုတ်ခဲ့သည့် ကာလအတွင်းမှာပင် ရှမ်းပြည်နယ်၌ ရှမ်းလူထုကို ဆန့်ကျင်လျှက် လူ့အခွင့်အရေးချိုးဖောက် မှုမြောက်များစွာ ကျူးလွန်ခဲ့သည်။ ထို့ကြောင့် ရှမ်းလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ပေါ်ပေါက်လာ ခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင် စစ်တပ်အာဏာသိမ်းပြီးနောက် ဇူလိုင်လ ၇ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ကျောင်း သားများအား ရာနဲ့ချီပြီးသတ်ဖြတ်လိုက်သောအခါ တက္ကသိုလ်ကျောင်းသားအတော်များများသည် ဗမာပြည် ကွန်မြူနစ်ပါတီ နှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ နှင့် ပူးပေါင်းသွားခဲ့ကြ သည်။ ၁၉၈၈ ခုနှစ်တွင် ရှစ်လေးလုံးအရေးတော်ပုံကြီးအတွင်း မြန်မာစစ်တပ်က အပြစ်မဲ့လူထုသုံးထောင်ကျော် မျှကို သတ်ဖြတ်လိုက်သောအခါ ကျောင်းသားများ၊ လူငယ်များ တောခိုသွားကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ( ABSDF ) ပေါ်ပေါက်လာခဲ့သည်။ တိုင်းရင်းသားပြည်နယ်အသီးသီး တွင်တိုင်းရင်းသားလူထုများကို ဆန့်ကျင်လျှက် မြန်မာစစ်တပ်က စစ်ရာဇဝတ်မှု၊ လူသားဆန့်ကျင်သောပြစ်မှု၊ လူမျိုးတုံးသတ်ဖြတ်မှု ကို ကျူးလွန်လျှက်ရှိခြင်းကြောင့် တိုင်းရင်းသားအသီးသီးသည် အဖွဲ့အစည်းအမျိုးမျိုး ဖွဲ့စည်းလျှက် လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။

**၁၉၈၉ ခုနှစ်မှ စတင်ကာ နဝတစစ်အစိုးရက ဖေါ်ဆောင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးသမိုင်းတွင် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သည့် အရုပ်ဆိုး အကျည်းအတန်ဆုံးနှင့် အရက်စက်ဆုံးရာဇဝတ်မှုကြီးမှာ မုန်းကိုး လူသတ်ပွဲ ကြီးဖြစ်သည်။ ၁၉၈၉ ခုနှစ် မတ်လ (၁၂) ရက်နေ့တွင် ဖုန်ကျားရှင်ခေါင်းဆောင်သော ကိုးကန့်အဖွဲ့သည် ဗကပကို ပုန်ကန်ခွဲထွက်ကာ နဝတ စစ်အစိုးရနှင့် အပစ်ရပ်ခဲ့သည့် ပထမဆုံးအဖွဲ့ကြီး ဖြစ်သည်။ အဆိုးဝါးဆုံးသော အတွေ့ အကြုံကိုလည်း ပထမဆုံး ခံစားခဲ့ရသည်။**

> **၄င်းအဖွဲ့လွှမ်းမိုးထားသည့်ဒေသမှာ လောက်ကိုင်၊ ချင်းရွှေဟော် တို့မှနေ၍ မုန်းကိုးအထိ ကျယ်ပြန့် ပြီး စစ်အစိုးရက ရှမ်းပြည် မြောက်ပိုင်းအထူးဒေသ (၁) အဖြစ်သတ်မှတ်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ၄င်းအဖွဲ့အတွင်း 'ဖုန်' မျိုးနွယ်စုက ဖုန်ကျားရှင်၊ ဖုန်ကျားဖူ၊ ဖုန်တာရှင်း တို့ခေါင်းဆောင်သော အုပ်စုနှင့်'ရန်' မျိုးနွယ်တွေထဲက ရန်မိုး လျံ၊ ရန်မိုးအန်း၊ ရန်ကျုံးဝေ၊ ရန်ကျုံးစီ တို့ခေါင်းဆောင်သောအုပ်စုတို့ပဋိပက္ခ ဖြစ်ကြသောအခါ ဖုန်ကျားရှင် အုပ်စုက အသာစီးရသွားခဲ့သည်။ ဖုန်ဘက်က ထောက် ကူရင်း စစ်အစိုးရ၏ 'ဒကစ' စစ်တပ်ကြီးရောက်လာသောအခါ နှစ်ဘက်လုံးက လက်ခံခဲ့ရသည်။ ၂၀၀၀ ခုနှစ်အောက်တိုဘာလ (၂၄) ရက်နေ့တွင် မုန်းကိုးခေါင်းဆောင် မုန်ဆာလ ကို ဖယ်ရှားပြီး လီနင်မင် ခေါင်းဆောင်သည့် အုပ်စုက အာဏာသိမ်းရန် ကြိုးစားသောအခါ စစ်အစိုးရ၏ မြန်မာ့တပ်မတော်က ဝင်ရောက်တရားစီရင်ပါ တော့သည်။ လီနင်မင် အပါအဝင် ၄င်း၏အုပ်စု တခုလုံး လူ ၁၅၀ ခန့်အား 'ဟေမိုးလုံ' ဒေသတွင် တချီတည်းအသေပစ်သတ်ကာ ရောမ ကျင်းကြီးများအတွင်းတွင် အစုလိုက် အပြုံလိုက် မြှုပ်နှံလိုက်သည်။ ဒေသခံများနှင့်တရုတ်နွယ်ဖွားများက 'ဒုတိယ နန်ကျင်း လူသတ်ပွဲကြီး' ဟု ပင် ဆိုစမှတ်ပြုခဲ့ သည်။**

---

[10] ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော၊ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ပထမတွဲ၊ စာမျက်နှာ ၈၆ မှ ၈၈။

အထက်ပါသာဓကများကို ထောက်ရှုပါက လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တပ်မတော်ကြား မှာ ပြဿနာ ကြီးငယ်တစုံတရာမရှိကြောင်း ကာချုပ်မင်းအောင်လှိုင်၏ ပြောကြားချက်အား **"မိုးလုံးပြည့် မုသာဝါဒများ"** အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ နှင့် ၎င်းတို့၏ လူထုများက မှတ်ယူသွားကြမည်ကို စိုးရိမ်ဖွယ်ဖြစ်သည်။

(၄) **"ရှေ့တန်းစစ်မြေပြင်မှာ မလှုပ်မရှောင်သာ ရင်ဆိုင်တိုက်ခိုက်နေရတဲ့ ကျွန်တော်တို့ တပ်မတော်သားများက ငြိမ်းချမ်းရေးကို အလိုလားဆုံးဖြစ်ပါတယ်။"** ဟု ၎င်းကဆိုသွားပြန်သည်။ ကာချုပ်မင်းအောင်လှိုင်ရည်ညွှန်းသော ငြိမ်းချမ်းရေးဟူသည် အဘယ်နည်း။ ၎င်းအနေဖြင့် မည်သည့်အခါမျှ တိတိကျကျပြောသွားခြင်းမရှိပါ။ အခြေ အနေကို ထောက်ထားပါက တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံး လက်နက်ချ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်သို့ဝင်ရောက်၊ နိုင်ငံရေးပါတီထောင် ရွေးကောက်ပွဲဝင်၊ စစ်အာဏာရှင် စနစ်သက်ဆိုးရှည်စေရန် ပံ့ပိုး ဟူသည်မျှကိုသာ ရည်ညွှန်းကြောင်းထင်ရှားပါသည်။ ဤလမ်းကြောင်းဖြင့် မည်သည့်အခါတွင်မျှ စစ်မှန်သည့် ငြိမ်းချမ်းရေးမရနိုင်ပါ။ ဦးတည်ရှာဖွေသင့်သော ငြိမ်းချမ်းရေး ဟူသည်မှာ **"နိုင်ငံသားတိုင်း၏ တဦးချင်းလွတ်လပ်မှုအခွင့်အရေး၊ တိုင်းရင်းသားလူမျိုးစုများနှင့် ၎င်းတို့ပြည်နယ်များ၏ စုပေါင်းအခွင့်အရေးတို့အား ဖက်ဒရယ်ဒီမိုကရက်တစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် နှင့် သက်ဆိုင်ရာ ပြည်နယ်များ၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် ကာကွယ်ပြဋ္ဌာန်းထားခြင်း၊ ဖိနှိပ်မှု ချိုးဖောက်မှု အကြမ်းဖက်မှုများ ရှိပါက ဥပဒေစိုးမိုးရေးအခြေခံတွင် တိုင်တန်းအရေးယူ၊ ရင်းစားပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်မည့် လွတ်လပ် အားကောင်းသော တိုင်းပြည်အဆောက်အအုံ နှင့် တိုင်းပြည်ယန္တရား များတည်ရှိနေခြင်း၊ ယင်းတို့နောက်ခံတွင် တိုင်းပြည်တည်ငြိမ်၊ ငြိမ်သက်၊ ငြိမ်းချမ်းနေသည့် အခြေအနေ ရှိနေခြင်း။"** ဟူ၍ ရှင်းလင်းစွာ နားလည်၊ ဦးတည်၊ ကြိုးပမ်းသင့်ပါသည်။

ကာချုပ်မင်းအောင်လှိုင်နှင့် မြန်မာစစ်ခေါင်းဆောင် ဟောင်း၊သစ်များကိုင်စွဲထားသည့် **"တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအားလုံး လက်နက်ချရေး"** လမ်းကြောင်းမှာ မည်သည့်အခါတွင်မျှ အောင်မြင် လိမ့်မည်မဟုတ်ပါ။ အကြမ်းဖက်ဖိနှိပ်မှုများရှိနေသ၍ အကြမ်းဖက်ခုခံမှုများရှိနေမည် မှချဖြစ်သည်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ ( PSLO )၊ တအန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်(TNLA)၏ သမိုင်းအတွေ့အကြုံကို ကာချုပ်မင်းအောင်လှိုင် ပြန်လည်လေ့လာသင့်သည်။

PSLO သည် ၁၉၉၁ ခုနှစ် မေလ ၁ရက်နေ့တွင် ဗိုလ်ချုပ်ခင်ညွန့်ဦးဆောင်သော နအဖ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို စာချုပ်ချုပ်ဆိုခြင်းမပြုဘဲ ( Gentlemen Agreement ) အဖြစ်ရယူ ခဲ့ကြသည်။ နောက်ပိုင်းတွင် မြန်မာစစ်ခေါင်းဆောင်များက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့် လှိုင်မှတဆင့် အမျိုးမျိုးဖိအားပေးလာမှုများကြောင့် ၂၀၀၅ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် မန်တုံမြို့၌ အခမ်းအနား ကျင်းပကာ လက်နက်များချအပ်လိုက်ရသည်။

အခမ်းအနားတွင် နဝတ အစိုးရဘက်မှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အလယ်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ သတင်းနှင့် ပြန်ကြားရေးဝန်ကြီး

ဗိုလ်ချုပ်ကျော်ဆန်း၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မွေးမြူရေး နှင့် ရေလုပ်ငန်းဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိန်း၊ ရထားနှင့် ကုန်းလမ်းပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်အောင်မင်းတို့ တက်ရောက်ခဲ့သည်။

လက်နက်အပ်နှံသောနေ့တွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်တိုင်က **"ခင်ဗျားတို့ဘာမှ ပူပန်ကြောင့်ကြနေစရာမလိုပါဘူး၊ ခင်ဗျားတို့ဒေသရဲ့ဖွံ့ဖြိုးရေးကို ဒီထက်မက ပိုပြီးတော့ လုပ်ပေးမယ့်အပြင် ခင်ဗျားတို့တစ်ဦးချင်းစီရဲ့ လုံခြုံရေးကိုပါ နိုင်ငံတော်မှ အပြည့်အဝ တာဝန်ယူပေးသွားမယ်ဆိုတာ ကျွန်တော် နိုင်ငံတော်ဝန်ကြီးချုပ်တစ်ဦးအနေနဲ့ ကတိပေးပါတယ်"** ဆိုပြီး အတိအလင်းပြောသွားခဲ့သည်။[11]

သို့ရာတွင်(ပလောင်) တအန်းလူထုနှင့် နယ်မြေတို့၏အနေအထားမှာ ဗိုလ်ချုပ်ကြီးသိန်းစိန်ပြောကြားသွားခဲ့သည့် မိန့်ခွန်းနှင့် ပြောင်းပြန်ဖြစ်ကာ မြန်မာစစ်တပ်၏ ဘက်ပေါင်းစုံမှ ဖိနှိပ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများ အဆက်မပြတ်ခံရ၊ လူမှုစီးပွားရေး ဘဝနိမ့်ကျသည်ထက်နိမ့်ကျလာသဖြင့် ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် တအန်း လွတ်မြောက်ရေးတပ်မတော် ( TNLA ) ကို ပြန်လည်တည်ထောင်တိုက်ပွဲ ဝင်လာခဲ့ကြခြင်း ဖြစ်သည်။ ယနေ့အချိန်တွင် TNLA ၏အင်အားသည် မူလ PSLO လက်နက်ချခဲ့စဉ်ကထက် ဆယ်ဆမက ပိုမို ကြီးမားလျက် ရှိနေချေပြီ။

သမိုင်းတွင် လွတ်လပ်စွာ ရပ်တည်နေထိုင်ခဲ့သော တိုင်းရင်းသားပြည်နယ်အသီးသီး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို ရာခိုင်နှုန်းပြည့် အသိအမှတ်ပြု ဖော်ဆောင်မပေးဘဲ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ကာ ဖိနှိပ်အုပ်ချုပ်လျှက်ရှိသော မြန်မာစစ်တပ်များ တိုင်းရင်းသားပြည်နယ်များမှ ဆုတ်ခွာသွားကြမည်ဆိုလျှင် ငြိမ်းချမ်းရေးရှာဖွေမှု အမြန်ဆုံးရရှိနိုင်ပါမည်။

(၅) **"ဒီနေ့အထိ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်နေရဆဲဖြစ်တဲ့ ကချင်ဒေသမှာ KIO လက်နက်ကိုင်အဖွဲ့ပေါ်ပေါက်လာရခြင်းဟာ ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှာ ဝန်ကြီးချုပ်ဦးနု ဦးဆောင်တဲ့ ပြည်ထောင်စုပါတီ (ပထစ) အစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ပြဋ္ဌာန်းလိုက်လို့ ဘာသာရေးအခြေခံပြီး ပေါ်ပေါက်ခဲ့ရတာကိုနောက်မှ တိုင်းရင်းသားရေးလို့ပြောလာတာ ဖြစ်ပါတယ်။"** ဟု ပြောဆိုခဲ့သည်။ ကချင်လွတ်လပ်ရေးအဖွဲ့သည် ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ( ၂၆ ) ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနု ဦးဆောင်သော အစိုးရမှ နိုင်ငံတော်ဘာသာကို ဗုဒ္ဓဘာသာအဖြစ် တရားဝင်ကြေညာခြင်း မပြုလုပ်မီကတည်းက လူထုအခြေပြု လက်နက်စွဲကိုင်နေသောအဖွဲ့အစည်း ဖြစ်သည်။ ကချင်လွတ်ရေးအဖွဲ့ကို ကချင်ပြည်နှင့် ကချင်လူထုများ၏ လက်လွတ်ဆုံးရှုံးခဲ့ရသော နိုင်ငံရေးအခွင့်အရေး များကို ပြန်လည်ရရှိအောင် လက်နက်စွဲကိုင်တော်လှန်နေသော အဖွဲ့အစည်းအဖြစ် ၁၉၆၀ ခုနှစ် အောက်တိုဘာလ (၂၅) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ကာချုပ်မင်းအောင်လှိုင်၏ အဆင်အခြင်မဲ့ပြောဆိုခြင်းသည် ကချင်လူထု၏ မတရားဖိနှိပ်မှုကိုတော်လှန်သော တော်လှန်ရေးစိတ်ဓာတ်နှင့် ကချင်လွတ်လပ်ရေးအဖွဲ့၏ နိုင်ငံရေးခံယူချက်ကို စော်ကားရာရောက်သည်။

---

[11] တအန်း(ပလောင်) လူမျိုး သမိုင်း၊ စာမျက်နှာ ၂၉၈ - မိုင်းအိုက်ကော် ရေးသားပြုစုသည်။

(၆) **"ဒီမိုကရေစီစနစ်နဲ့ကိုက်ညီတဲ့ အပြုအမူတွေ၊ အလေ့အထတွေ၊ လုပ်ဆောင်ချက်တွေရှိဖို့ လိုအပ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာလည်း ဒီမိုကရေစီ စံနှုန်းတွေ အတိုင်း၊ အများက လက်ခံသဘောတူညီချက်တွေအတိုင်း အခြေခံထားဆောင်ရွက်ကြဖို့လိုပါတယ်"** ဟူ၍လည်း ၎င်းကဆက်လက်ပြောကြားသွားခဲ့သည်။ ဒီမိုကရေစီစံနှုန်းဆိုသည်မှာ အဘယ်နည်း။ ယေဘုယျအားဖြင့် လူထုကရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များက၊ လူထုကိုပြန်လည်အုပ်ချုပ်သည့်စနစ် ဟူ၍ နားလည်ကြသည်။ ဒီမိုကရေစီအခြေခံဖြင့် ရွေးချယ်တင်မြှောက်ရာတွင် တိုက်ရိုက်ဒီမိုကရေစီ[12] နှင့် ကိုယ်စားပြုဒီမိုကရေစီ[13]ဟူ၍ နှစ်မျိုးသာရှိသည်။ ဤသည်ကို ကာချုပ်မင်းအောင်လှိုင် လက်ခံမည်ဆိုပါက မည်သည့်ရွေးချယ်တင်မြှောက်ပုံစနစ် အခြေခံနှင့်မျှ လူထု၏ ရွေးချယ်တင်မြှောက်ခြင်းမခံရပါဘဲလျှက် လွှတ်တော်အသီးသီးတွင် ဝင်ထိုင်နေကြသော စစ်ဗိုလ်များ နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဟူသည့် အဓိကကျသော ဝန်ကြီးဌာန ၃ ခုကို ကိုင်တွယ်ကာ တိုင်းပြည်အုပ်ချုပ်နေကြသော စစ်ဗိုလ်များအနေဖြင့် ၎င်းတို့ ၏ ရာထူးတာဝန်များမှ ချက်ချင်းထွက်ခွာသွားသင့်ကြပါသည်။ ထို့အပြင် ငြိမ်းချမ်းရေးကို ဦးတည်သည်ဟူသည့် လက်ရှိဆွေးနွေးမှုများ၊ ဖွဲ့စည်းမှု၊ ယန္တရားများ နှင့် သက်ဆိုင်ရာလုပ်ငန်းတာဝန်များမှလည်း အမြန်ဆုံးထွက်ခွာသင့်ကြပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဦးဆောင် ကမကထပြုဆွေးနွေး၊ လက်တွေ့အကောင်အထည် ဖော်ရမည့်တာဝန်မှာ လူထုက ရွေးချယ်တင်မြှောက်ခြင်းခံရသော အစိုးရ၏တာဝန်သာဖြစ်ခြင်းကြောင့်ပင်။ နိုင်ငံတိုင်း၌ တပ်မတော်ဆိုသည်မှာ အစိုးရ၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင်သာ တာဝန်ထမ်းဆောင်ရသည့် ဝန်ထမ်း အဖွဲ့စည်းဖြစ်သည်။

ယင်းနှင့်စပ်လျဉ်း၍ ကာချုပ်မင်းအောင်လှိုင်သည် ၁၉၈၈ ခုနှစ် မတ်လ(၂၇) ရက်နေ့က ကျင်းပသော (၄၄) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် တနိုင်ငံလုံးကို ပြောကြားခဲ့သည့် ဗိုလ်ချုပ်မှူးကြီးစောမောင် ၏ အောက်ပါမိန့် ခွန်းကို ပြန်လည်လေ့လာပြီး လိုက်နာဆောင်ရွက်သင့်သည်။

**"ရွေးကောက်ပွဲပြီးရင် လိုအပ်တာတွေဆောင်ရွက်ပြီးတဲ့နောက် ပြည်သူ့ဆန္ဒနဲ့ ရွေးချယ်လိုက်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက ဥပဒေနဲ့အညီ ရွေးချယ်တင်မြှောက်တဲ့ အစိုးရသစ်ပေါ်ပေါက်လာမှာ ဖြစ်တယ်...."**

**" အဲဒီအစိုးရအနေနဲ့ နိုင်ငံတော်ကို ဆက်လက်ဦးဆောင်သွားရာမှာ ပြည်သူလူထုရဲ့ အကျိုးစီးပွား အတွက် အစွမ်းဆောင်ဆုံး ဖော်ဆောင်သွားလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။ တို့တပ်မတော်သားတွေအဖို့ တော့ စစ်တန်းလျားကို ပြန်သွားပြီး တို့ရဲ့မူလအဓိက တာဝန်ကြီးဖြစ်တဲ့ အခုပြောကြားရာမှာ ပါဝင်တဲ့ တာဝန်ကြီးတွေကို ဦးလည်မသုန် ဆက်လက်ကြိုးစား ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်...."**

ဆက်လက်ပြီး ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ (၉) ရက်နေ့တွင် နိုင်ငံတော်အာဏာ လွှဲအပ်ရေးနှင့် ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီးစောမောင်က -

---

[12] Direct Democracy
[13] Representative Democracy

**" နိုင်ငံတော်အာဏာနဲ့ ပတ်သက်လို့လည်း တို့အကြိမ်ကြိမ် ပြောပြီးပြီပဲ ဖြစ်တယ်။ ရွေးကောက်ပွဲပြီးတာ နဲ့ ဥပဒေနှင့်အညီ အစိုးရဖွဲ့ကြ၊ ယူကြပေါ့။ အဲဒီအစိုးရဖြစ်လာအောင် ရွေးကောက်ပွဲက လုပ်ပေးရမှာပဲ။ ဒါက တို့တာဝန်ဘဲ။ ရွေးကောက်ပွဲပြီးရင် တရားဥပဒေအရ အစိုးရအဖွဲ့တစ်ခု ဖြစ်လာဖို့ကတော့ တို့တပ်မတော် တာဝန်မဟုတ်ဘူး၊ ဒါအတိအလင်း ပွင့်ပွင့်လင်းလင်း အခုကတည်းက ပြောထားတာပဲ ဖြစ်တယ်..."**

**"အခုတစ်မျိုး၊ အခုတစ်မျိုးဆိုရင် ကတိမတည်၊ ကတိမတည်လို့ရှိရင် သံသယစိတ်တွေ ဖြစ်လာတယ်ဆို တာမျိုးတော့ တပ်မတော်အနေနဲ့ အဖြစ်မခံနိုင်ဘူး။ အစိုးရဆိုတာကလည်း တိုင်းသူပြည်သားအများစုရဲ့ ရွေးချယ်တင်မြှောက်လို့ ပြည်သူတွေကို ကိုယ်စားပြုပြီး ဖြစ်ပေါ်လာတဲ့ အဖွဲ့အစည်း၊ တပ်မတော်ဟာ အစိုးရ အောက်မှာဘဲ ရှိရမယ်...."** ဟုပြောကြားခဲ့သည်။

ဒီမိုကရေစီစကားပြောလာသော ကာချုပ်မင်းအောင်လှိုင်အနေဖြင့် ၎င်းတို့ရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ **"ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်။"**[14] ဟူသောပြဌာန်းချက်ကို လက်တွေ့ လိုက်နာဖော်ဆောင်သင့်သည်။ သို့ဖြစ်ပါက ဗမာပြည်ကွန်မြူနစ်ပါတီအား တရားဝင်နိုင်ငံရေးပါတီတ ရပ်အနေဖြင့် ဖွဲ့စည်းရပ်တည်လှုပ်ရှားခွင့်ပြုရမည်ဖြစ်သည်။ ယင်းကို ပိတ်ပင်ပြီး ဖိနှိပ်ဖျက်သိမ်းခဲ့ခြင်းမှာ ပြည်တွင်းစစ်ဖြစ်ရသည့် အဓိကအကြောင်းများတွင် တရပ်ဖြစ်ကြောင်း အထက်တွင်တင်ပြခဲ့ပြီ။

(၇) ကာချုပ်မင်းအောင်လှိုင်သည် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဝေါဟာရအားယခင်ကလည်း ထပ်ခါထပ်ခါတတွတ်တွတ်ရွတ်ဆိုခဲ့သည်။ ယခုမိန့်ခွန်းတွင်လည်း ပါရှိသည်။ ဤသည်မှာ မည့်သည့်အရာကိုဆို လိုပါသနည်း။ ၎င်းကရှင်းလင်းစွာပြောကြားသွားခဲ့ခြင်းမရှိပါ။ အချုပ်အခြာအာဏာအား တပြည်ထောင်စနစ် နိုင်ငံ များက ချဉ်းကပ်ပုံ နှင့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံများက ချဉ်းကပ်ပုံမတူပါ။

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတိုင်းတွင် တိုင်းပြည်၏အချုပ်အခြာအာဏာကြီးသုံးရပ်ဖြစ်သော ဥပဒေပြု အာဏာ၊ အုပ်ချုပ်မှုအာဏာ နှင့် တရားစီရင်မှုအာဏာတို့အား ပြည်ထောင်စုအဆင့် နှင့် ပြည်နယ်အဆင့် တိုင်းပြည်ယန္တရား နှင့် အဆောက်အအုံ များအကြား မည်ကဲ့သို့ ခွဲဝေကျင့်သုံးမည်ဟူသည်မှာ သက်ဆိုင်ရာ ပြည်နယ်များက တည်ဆောက်လိုသည့် ဖက်ဒရယ်ပြည်ထောင်စုဆိုင်ရာ မူဝါဒအပေါ်အခြေခံသည်။

(၁) ပြည်ထောင်စုအဆင့်အား သတ်မှတ်၊ ကန့်သတ်ပေးထားသော အခွင့်အာဏာကိုသာ ကျင့်သုံး ခွင့်ပြုပြီး၊ ပြည်နယ်များ၏ အခွင့်အာဏာကို ဝင်ရောက်စွက်ဖက်ခွင့်မပြု။ သီးခြားစီထားရှိ၊ မီးရထား လမ်းမျဉ်းပြိုင်ကဲ့သို့ တပြိုင်နက်တည်း ကျင့်သုံးသွားမည့် နှစ်သွယ်ဖက်ဒရယ်စနစ် ဖြစ်သလား[15]။

(၂) ပြည်ထောင်စုအဆင့် တိုင်းပြည်ယန္တရားအဆောက်အအုံများနှင့် ပြည်နယ်အဆင့်တိုင်းပြည်ယန္တရား အဆောက်အအုံများ တခုနှင့်တခု ပူးပေါင်းကာ ကျင့်သုံးသွားမည့် ဖက်ဒရယ်စနစ်ဖြစ်သလား[16]။

---

[14] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၅ (က)

[15] Dual Federalism

[16] Cooperated Federalism

(၃) တိုင်းပြည်၏အချုပ်အခြာ အာဏာကြီးသုံးရပ်အား ပြည်ထောင်စုအဆင့် တိုင်းပြည်ယန္တရားနှင့် အဆောက်အအုံ များတွင်သာ ပိုမိုထားရှိကျင့်သုံးသွားမည့် ဗဟိုချုပ်ကိုင်မှုအဓိက ဖက်ဒရယ်စနစ်ဖြစ်သလား[17]။

(၄) တိုင်းပြည်၏အချုပ်အခြာ အာဏာကြီးသုံးရပ်အား ပြည်နယ်အဆင့် တိုင်းပြည်ယန္တရား နှင့် အဆောက်အအုံများ တွင်သာ ပိုမိုထားရှိကျင့်သုံးသွားမည့် ပြည်ထောင်အဓိက ဖက်ဒရယ်စနစ်ဖြစ်သလား[18]။

အစရှိသည့် မိမိတို့ဖော်ဆောင်တည်ဆောက်ချင်သော ဖက်ဒရယ်စနစ်၏ အမျိုးအစားကို အခြေခံ၍ တိုင်းပြည်၏အချုပ်အခြာ အာဏာကြီးသုံးရပ်အား ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းအတည်ပြုကျင့်သုံး ကြရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်မှ စ၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဗဟိုချုပ်ကိုင်မှုကို အဓိကထားသည့် ဖက်ဒရယ်စနစ်အသွင်သဏ္ဌာန်မျိုး တည်ဆောက်ခဲ့သည်။ အနှစ်သာရအားဖြင့်မူ တပြည်ထောင်စနစ်ပင်ဖြစ်ကြောင်း ဦးချန်ထွန်းကိုယ်တိုင်ထောက်ပြခဲ့သည်။ ၁၉၆၂ ခုနှစ် မြန်မာစစ်တပ်က အာဏာသိမ်းပြီးချိန်မှစ၍ တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးခဲ့သည်။ ဆက်လက်၍ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ တပြည်ထောင်စနစ်အခြေခံပေါ်တွင်ပင် ယနေ့အချိန်အထိ တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးဆဲဖြစ်သည်။ တိုင်းပြည်၏အခြေအနေမှာ ဆိုးသည်ထက်ဆိုး၊ နိုင်ငံရေးတည်ငြိမ်မှု ကင်းမဲ့၊ ဥပဒေစိုးမိုးရေးပျက်သုဉ်း၊ အခြေခံလူထုများ၏ စီးပွားရေးတိုးတက်ရန် အိမ်မက်ပင် မမက်နိုင်သေး၊ တပြည်လုံးမှာ ဆင်းရဲတွင်းနက်သည်ထက်နက်လာနေသည်။

သို့ဖြစ်၍ နှစ်ပေါင်း ခုနှစ်ဆယ်မျှ ကြာပြီးသည့် ယနေ့အချိန်တွင် ပြည်ထောင်စုဖွဲ့စည်းရာ၌ပါဝင်သည့် တိုင်းရင်းသားပြည်နယ်များအား အလှည့်ပေးသင့်ပြီဖြစ်သည်။ **တိုင်းပြည်၏အချုပ်အခြာ အာဏာကြီးသုံးရပ်အား ပြည်နယ်အဆင့် တိုင်းပြည်ယန္တရား နှင့် အဆောက်အအုံများ တွင်သာ ပိုမိုထားရှိကျင့်သုံးသွားမည့် ပြည်ထောင်အဓိက ဖက်ဒရယ်စနစ်ကို ဖော်ဆောင်သင့်ပြီ ဖြစ်သည်။** ယင်းစနစ်အား လူထု၏အချုပ်အခြာအာဏာ[19]နှင့် ပြည်နယ်များ ၏အချုပ်အခြာအာဏာ[20] တို့ကို ကိုင်စွဲ၍လည်းကောင်း၊ အချိုးညီစနစ်[21]အခြေခံတွင် အချိုးမညီစနစ်[22]ကို ကျင့် သုံးခြင်းဖြင့်လည်းကောင်း၊ တင်းကြပ်သောဗဟိုချုပ်ကိုင်မှု[23]ကို စွန့်လွှတ်ပြီး သင့်တင့်လျှောက်ပတ်သော ဗဟိုချုပ်ကိုင်မှု[24]ကို ရှာဖွေခြင်းဖြင့်လည်းကောင်း တည်ဆောက်သင့်ပါသည်။

---

17 Centralized Federalism

18 Confederated Federalism

19 Popular Sovereignty

20 Provincial Sovereignty

21 Symmetric Federalism

22 Asymmetric Federalism

23 Rigid Centralization

24 Optimum Centralization

**ပြည်ထောင်အဓိက ဖက်ဒရယ်စနစ်ကို** ကျင့်သုံးရာတွင်လည်း ပြဿနာမရှိမဟုတ်များစွာရှိပါမည်။ သို့ရာတွင် အခြေအနေ နှစ်ရပ်နှင့်ပြည့်စုံပါက မုချအောင်မြင်မည်ဖြစ်သည်။

ပထမအခြေအနေမှာ ကာချုပ်မင်းအောင်လှိုင်ခေါင်းဆောင် သည့် မြန်မာစစ်ခေါင်းဆောင်များက တိုင်းရင်းသားအဖွဲ့ အစည်းများ အသီးသီးအကြားတွင် ကျင့်သုံးနေသော ခွဲခြားဆက်ဆံမှု နှင့် သွေးခွဲအုပ်ချုပ်မှု တို့ ကို ချက်ချင်းရပ်ဆိုင်းရန်ဖြစ်သည်။

ဒုတိယအခြေအနေမှာ တိုင်းရင်းသားပေါင်းစုံလူထုများနှင့် ၎င်းတို့၏ သက်ဆိုင်ရာပြည်နယ်များအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆို ခွင့်၊ အသင်းအဖွဲ့ ဖွဲ့ စည်းခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် အစ ရှိသော ဒီမိုကရေစီအခြေခံ အခွင့်အရေးများအား ပင်လုံစာချုပ်ပါသဘောတူညီချက်အတိုင်းကျင့်သုံးခွင့်ပြုရန် ဖြစ်သည်။

သို့ ဖြစ်ပါက တိုင်းရင်းသားခေါင်းဆောင်များအဖွဲ့ အစည်းများ နှင့် ၎င်းတို့၏ပြည်နယ်များသည် ၎င်းတို့ပြဿနာကို ၎င်းတို့ ကိုယ်တိုင်ဖြေရှင်းနိုင်စွမ်းရှိကြသည်။ အခက်အခဲများကို ကျော်လွှားနိုင်သည်။ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြမည့် အရည်အချင်းနှင့်လည်း ပြည့်စုံကြသည်။ ဤသည်ကို အသိအမှတ်ပြုရန်လိုပါသည်။

ကာချုပ်မင်းအောင်လှိုင်အနေဖြင့် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို တကယ်ချစ်ပြီး နိုင်ငံအမြန်ဆုံးဖွံ့ဖြိုး တိုးတက်စေလိုပါက အထက်ပါအခြေခံများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်မှတပါး အခြားမရှိပါ။

**ဥပဒေအထောက်အကူပြုကွန်ရက်** ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၂ ရက်

**အသေးစိတ်သိလိုလျှင် ဆက်သွယ်ရန်**

**ဦးအောင်ထူး ( လူ့ အခွင့်အရေး ရှေ့နေ )**

**ဥပဒေအထောက်အကူပြုကွန်ရက်တည်ထောင်သူ**

**E-mail – legalaidnetwork@gmail.com**

**Web- www.legalaidnetwork.org**

**ဆက်သွယ်ရန် - ဖုန်း - (၆၆) ၀၉ ၃၂၇ ၄၅၇၁၃**